ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး
ပေကျင်းမြို့
No.6 Dong Zhi Men Wai Street, Chao Yang District
Beijing 100600, People's Republic of China
Tel:0086 10 6532 0351, 6532 0412
Fax: 0086 10 65320408

# မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့် တရုတ်စီးပွားရေးလုပ်ငန်းရှင်များအကြား ဖြစ်ပွားလျက်ရှိသည့် စီးပွားရေးဆိုင်ရာ အငြင်းပွားမှုများအား ဖြေရှင်းပေးရေးအတွက် မြန်မာစီးပွားရေးလုပ်ငန်းရှင်များမှ မြန်မာသံရုံး၊ ပေကျင်းမြို့သို့ တိုင်ကြားလာသည့်အခါ ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များအား ထုတ်ပြန်ခြင်း

၁။ မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့် တရုတ်စီးပွားရေးလုပ်ငန်းရှင်များအကြား ကုန်အရောင်းအဝယ်ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် ကုန်သွယ်မှုအငြင်းပွားမှုများနှင့်ပတ်သက်၍ ဖြေရှင်းပေးပါရန် မြန်မာစီးပွားရေးလုပ်ငန်းရှင်များမှ မြန်မာသံရုံး၊ ပေကျင်းမြို့သို့ မကြာခဏပေးပို့ တိုင်ကြားလာမှုများ လက်ခံရရှိလျက်ရှိသည့်အတွက် အဆိုပါကိစ္စရပ်များအား ဖြေရှင်းဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များအား သိရှိနိုင်ပါရန် ထုတ်ပြန်အပ်ပါသည်။

## ပူးတွဲပေးပို့ရန်လိုအပ်သည့်အချက်အလက်များ

၂။ မြန်မာစီးပွားရေးလုပ်ငန်းရှင်များသည် တရုတ်နိုင်ငံရှိ လုပ်ငန်းများနှင့် ကုန်သွယ်မှု ဆောင်ရွက်ရာတွင် ဖြစ်ပွားသည့်ကိစ္စရပ်များ ဖြေရှင်းဆောင်ရွက်ပေးရန်အတွက် မြန်မာသံရုံး၊ ပေကျင်းမြို့ထံသို့ အကြောင်းကြားရာတွင် အောက်ပါအချက်များ ဖော်ပြပါရှိရန် လိုအပ်ပါသည်–

(က) တရုတ်စီးပွားရေးလုပ်ငန်းရှင်သို့ ဆက်သွယ်ဆောင်ရွက်ရမည့်လိပ်စာ အပြည့်အစုံ၊ တယ်လီဖုန်းအမှတ်၊ ဖက်စ်အမှတ်၊ email လိပ်စာ၊ Wechat ID

(ခ) ကုမ္ပဏီ(လုပ်ငန်း)၂ ခုအကြား ချုပ်ဆိုထားသည့် Sale Contract၊ ဝယ်ယူသည့် Invoice အပါအဝင် အချက်အလက်အပြည့်အစုံ (မိတ္တူ)

(ဂ) ကုမ္ပဏီ(လုပ်ငန်း)၂ ခုအကြား ငွေပေးချေမှုအထောက်အထားများ၊

**ဆောင်ရွက်သွားမည့်လုပ်ငန်းစဉ်များ**

၃။ မြန်မာစီးပွားရေးလုပ်ငန်းရှင်များမှ တရုတ်နိုင်ငံရှိ လုပ်ငန်းများနှင့် ကုန်သွယ်မှုဆောင်ရွက်ရာတွင် ဖြစ်ပွားသည့်ကိစ္စရပ်များ ဖြေရှင်းဆောင်ရွက်ပေးပါရန် အထက်အပိုဒ်(၂)ပါအချက်အလက် အပြည့်အစုံအား ဖော်ပြ၍ အကြောင်းကြားလာပါက အောက်ဖော်ပြပါလုပ်ငန်းစဉ်များအား ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) တရုတ်ကုမ္ပဏီထံသို့ ဖြစ်ပွားသည့်ကိစ္စရပ်အပြည့်အစုံအား ဖော်ပြလျက် မြန်မာသံရုံးမှ တရားဝင်အကြောင်းကြားစာပေးပို့မည် ဖြစ်ပါသည်။ (အဆိုပါအကြောင်းကြားစာ၌ အကြောင်းကြားစာလက်ခံရရှိသည့်နေ့မှစ၍ အလုပ်လုပ်ရက် (၁၀) ရက်အတွင်း မြန်မာသံရုံးသို့ လူကိုယ်တိုင်(သို့မဟုတ်) တယ်လီဖုန်းဖြင့် ပြန်လည်ဆက်သွယ်ရန်၊ ဆက်သွယ်ခြင်းမရှိပါက အဆိုပါတရုတ်စီးပွားရေးလုပ်ငန်းရှင်နှင့်ကုမ္ပဏီအား မြန်မာသံရုံး၏ အမည်မည်းစာရင်းတွင် ယာယီထည့်သွင်း၍ ၎င်းအား ပြည်ဝင်ဗီဇာထုတ်ပေးမည်မဟုတ်ကြောင်း၊ မြန်မာသံရုံး၏ ဝက်ဘ်ဆိုက်တွင်လည်း ယင်းကုမ္ပဏီအား မြန်မာစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းမပြုရန် (Watch list) အနေဖြင့် ဖော်ပြမည် ဖြစ်ကြောင်း၊ မြန်မာလုပ်ငန်းရှင်များနှင့်ပူးပေါင်းဆောင်ရွက်မည့်စာချုပ်များအား မြန်မာသံရုံးမှ endorsement ဆောင်ရွက်ပေးမည်မဟုတ်ကြောင်း ထည့်သွင်းဖော်ပြမည်ဖြစ်ပါသည်။)

(ခ) အလားတူပင် အဆိုပါစီးပွားရေးဆိုင်ရာအငြင်းပွားမှုအား ကူညီဖြေရှင်းပေးပါရန် တရုတ်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ကောင်စစ်ရေးရာဦးစီးဌာန၊ တရုတ်နိုင်ငံ၊ စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန(MOFCOM)နှင့် MOFCOM အောက်ရှိ Com –plain and Service Centre for Chinese Enterprises' Overseas Business တို့ထံသို့ အကြောင်းကြားစာအသီးသီး ဆက်လက်ပေးပို့သွားမည် ဖြစ်ပါသည်။

(ဂ) တရုတ်စီးပွားရေးလုပ်ငန်းရှင်တည်ရှိသည့် သက်ဆိုင်ရာပြည်နယ်၏ နိုင်ငံခြားရေးရုံးသို့ အကြောင်းကြားစာဆက်လက်ပေးပို့သွားမည် ဖြစ်ပါသည်။

(ဃ) အဆိုပါကိစ္စရပ်များအား ပြန်ကြားလာခြင်းမရှိပါက သက်ဆိုင်ရာလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံခြားကုန်သွယ်မှုများနှင့် စပ်လျဉ်းသည့် အငြင်းပွားမှုများအား ဖြေရှင်းဆောင်ရွက်ပေးသည့် China Council for the Promotion of International Trade (CCPIT)

အောက်ရှိ China International Economic and Trade Arbitration Commission (CIETAC)ရုံးသို့ ဆက်သွယ်ဆောင်ရွက်သွားရန် အကြောင်းကြားမည် ဖြစ်ပါသည်။

၄။ အထက်အပိုဒ် (၃)ပါ လုပ်ငန်းစဉ်များအတိုင်း တရုတ်စီးပွားရေးလုပ်ငန်းရှင်နှင့် ကုမ္ပဏီအား ဆက်သွယ်ညှိနှိုင်း၍ အငြင်းပွားမှုအား ဖြေရှင်းဆောင်ရွက်သော်လည်း တရုတ်ဘက်မှ မြန်မာသံရုံးသို့ ဆက်သွယ်အကြောင်းကြားလာခြင်းနှင့် ဖြေရှင်းခြင်းမရှိပါက အောက်ဖော်ပြပါလုပ်ငန်းစဉ်များအား ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်–

(က) သက်ဆိုင်ရာတရုတ်စီးပွားရေးလုပ်ငန်းအမည်အား မြန်မာသံရုံး၊ ပေကျင်းမြို့မှ တရုတ်နိုင်ငံရှိ ကောင်စစ်ဝန်ချုပ်ရုံးများထံသို့ အမည်မည်းစာရင်း (Black list) ၌ ထည့်သွင်း၍ ပြည်ဝင်ခွင့်ဗီဇာထုတ်ပေးခြင်း မပြုရန် အကြောင်းကြားခြင်း၊

(ခ) မြန်မာသံရုံး၊ ပေကျင်းမြို့၏ အမည်မည်းစာရင်း (Black list) ၌ ထည့်သွင်း၍ ပြည်ဝင်ဗီဇာခွင့်မပြုခြင်း၊

(ဂ) သက်ဆိုင်ရာပုဂ္ဂိုလ်မှ ဗီဇာလျှောက်ထားလာပါက မြန်မာသံရုံး၊ ပေကျင်းမြို့၊ စီးပွားရေးဌာနနှင့် ကနဦးဖြေရှင်းပြီးမှသာ ပြည်ဝင်ဗီဇာ ထုတ်ပေးနိုင်မည်ဖြစ်ကြောင်း ဗီဇာအရာရှိမှ ဖြေကြားခြင်း၊

(ဃ) သက်ဆိုင်ရာတရုတ်လုပ်ငန်းနှင့် လုပ်ငန်းရှင်၏ အမည်စာရင်းအား မြန်မာစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းမပြုသင့်သည့် (Watch list) ဖြစ်ကြောင်း၊ အဆိုပါကုမ္ပဏီအား မြန်မာစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်းကို သတိပြုရှောင်ကြဉ်သင့်ကြောင်း မြန်မာသံရုံး၊ ပေကျင်းမြို့ ၏ website ၌ ကြေညာချက် လွှင့်တင်ခြင်း၊

(င) သက်ဆိုင်ရာတရုတ်လုပ်ငန်းနှင့် လုပ်ငန်းရှင်အနေဖြင့် မြန်မာလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်မည့်စာချုပ်များအား တရုတ်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ် ဆင့် မြန်မာသံရုံးထံသို့ endorsement ဆောင်ရွက်ပေးရန် ပေးပို့လာပါက လက်ခံဆောင်ရွက်ပေးခြင်းမပြုခြင်း၊

**တရုတ်နိုင်ငံရှိ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြန်ကြားလာမှုများ**

၅။ မြန်မာသံရုံး၊ ပေကျင်းမြို့သည် စီးပွားရေးဆိုင်ရာ အငြင်းပွားမှုကိစ္စရပ်များအား တိုင်ကြားမှုများ လက်ခံရရှိသည့်အခါ တရုတ်နိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာ ပြည်နယ်များရှိ နိုင်ငံခြားရေးရုံးတို့ထံသို့ အချိန်နှင့်တပြေးညီ အကြောင်းကြားခဲ့ရာ အောက်ဖော်ပြပါအချက်များအား ပြန်ကြားလာမှုများ လက်ခံရရှိခဲ့ပါသည်–

(က) စီးပွားရေးဆိုင်ရာအငြင်းပွားမှုများသည် နှစ်နိုင်ငံအကြား စီးပွားရေးလုပ်ငန်းရှင်များအချင်းချင်းကုန်သွယ်မှုလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများတိုက်ရိုက်ချိတ်ဆက်ဆောင်ရွက်မှုများ ဖြစ်ကြောင်း၊

(ခ) ထိုကဲ့သို့သောကိစ္စရပ်များသည် ပုဂ္ဂလိကလုပ်ငန်းရှင်အချင်းချင်း အငြင်းပွားမှုဖြစ်သည့်အတွက် သက်ဆိုင်ရာလုပ်ငန်းရှင်များအချင်းချင်း စေ့စပ်ညှိနှိုင်းမှုများ ဆောင်ရွက်သင့်ကြောင်း၊

(ဂ) အကယ်၍ ညှိနှိုင်းနိုင်ခြင်း မရှိပါက သက်ဆိုင်ရာကုမ္ပဏီမှ တရားရေးနည်းလမ်းဖြင့်သာ ဖြေရှင်းဆောင်ရွက်သွားရန် ဖြစ်ကြောင်း၊

၆။ သို့ဖြစ်ပါ၍ တရုတ်စီးပွားရေးလုပ်ငန်းများ၊ ကုမ္ပဏီများနှင့် ဆက်သွယ်ဆောင်ရွက်မည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့် ကုမ္ပဏီများအနေဖြင့် အဆိုပါတရုတ်ကုမ္ပဏီများနှင့် လက်တွဲဆောင်ရွက်ခြင်းမပြုမီ ယင်းကုမ္ပဏီများ ခိုင်မာမှုရှိ/မရှိအား စိစစ်အတည်ပြုပြီးမှသာ ကုန်ပစ္စည်းအရောင်းအဝယ်ပြုလုပ်ခြင်းဖြင့် ကုန်သွယ်မှုလျင်မြန်ချောမွေ့စေရေး ဆောင်ရွက်သွားသင့်ပါကြောင်း အကြံပြုဖော်ပြအပ်ပါသည်။

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR
012
BEIJING

မြန်မာသံရုံး၊ ပေကျင်းမြို့
၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်